# ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေ။

## [၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၉။] (၁၉၅၂ ခု၊ ဇန္နဝါရီလ ၁ ရက်)။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

**အမည်၊ တည်ရာနယ်အဝန်းနှင့် အာဏာတည်သည့်နေ့။**

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများအက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော် သမတက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန် သတ်မှတ်သည့်နေ့တွင်၊ ယင်းသို့သတ်မှတ်သည့် အရပ်ဒေသများ၌ အာဏာတည်ရမည်။ [၁]

(၃) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက အခါအားလျော်စွာ အမိန့်ကြော်ငြာစာဖြင့်၊ သီးခြား ဖေါ်ပြသည့်ဆိုင်များ၊ သို့တည်းမဟုတ် အလုပ်ဌာနများ၊ သို့တည်းမဟုတ် ဆိုင်အမျိုးအစားများ၊ သို့တည်း မဟုတ် အလုပ်ဌာန အမျိုးအစားများနှင့် သက်ဆိုင်ရမည်။

**အဓိပ္ပါယ်ဖေါ်ပြချက်များ။**

၂။ ။ ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့် ဖြစ်စေ၊ မဆန့်ကျင်လျှင်-

(က) "ဆိုင်" ဆိုသည်မှာ၊ ကုန်စည်ပစ္စည်းများကို၊ သို့တည်းမဟုတ် ဝတ္ထုပစ္စည်းများကို လက်ငင်းသော်၎င်း၊ အကြွေးသော်၎င်း၊ လက်ကား၊ သို့တည်းမဟုတ် လက်လီ ရောင်းချရန်အလို့ငှါ၊ လုံးဝဖြစ်စေ၊ တစိတ်တဒေသ အားဖြင့်ဖြစ်စေ၊ အသုံးပြုရာ ဖြစ်သည့် ဥပစာတခုခုကို၎င်း၊ ဆံသလုပ်ငန်းအတွက် ဖြစ်စေ၊ အလှပြုပြင်ခြင်း လုပ်ငန်းအတွက်ဖြစ်စေ အသုံးပြုရာဖြစ်သည့် ဥပစာတခုခုကိုသော်၎င်း၊ ဤအက် ဥပဒေပါ ကိစ္စများအလို့ငှါ၊ ဆိုင်ဖြစ်သည်ဟု နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာ ထုတ်ပြန် သည့် အခြားဥပစာကို၎င်း၊ ဆိုလိုသည်။ သို့ရာတွင် ထိုစကားရပ်တွင်၊ ကုန်သွယ်အလုပ်ဌာန၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေးအလုပ်ဌာန၊ သို့တည်းမဟုတ် အလုပ်ရုံ၊ သို့တည်းမဟုတ် စက်မှုလက်မှုအလုပ်ဌာနမပါဝင်ချေ။

---

[၁] မည်သည့်နေ့ရက်မှစ၍ မည်သည့်ဒေသတွင် မည်သည့်အလုပ်ဌာနနှင့်စပ်လျဉ်း၍၊ ဤအက်ဥပဒေ အာဏာတည် ကြောင်းကို မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၁ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၉၄၇၊ ၁၉၅၃ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၄၃၆ နှင့် ၁၅၈၃၊ ၎င်းပြင် ၁၉၅၄ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၁၈၈၅ တို့တွင် ထုတ်ပြန် ကြေညာသည်။

(ခ) “ကုန်သွယ်အလုပ်ဌာန” ဆိုသည်မှာ၊ ကြော်ငြာလုပ်ငန်းဖြစ်စေ၊ ကော်မရှင်လုပ်ငန်းဖြစ်စေ၊ ကုန်စည်ပေးပို့ရေး ကိုယ်စားလှယ်လုပ်ငန်းဖြစ်စေ၊ ကုန်သွယ်ရေးကိုယ်စားလှယ် လုပ်ငန်းဖြစ်စေ၊ ဆောင်ရွက်သည့် အလုပ်ဌာနကို သော်၎င်း၊ အလုပ်ရုံ၏၊ သို့တည်းမဟုတ် စက်မှုလက်မှုလုပ်ငန်း၏၊ သို့တည်းမဟုတ် ကုန်သွယ်လုပ်ငန်း၏ စာရေးစာချီဌာနကို သော်၎င်း၊ အာမခံကုမ္ပဏီကိုသော်၎င်း၊ အစုစပ် ကုမ္ပဏီကိုသော်၎င်း၊ ဘဏ်ကိုသော်၎င်း၊ ပွဲစား အလုပ်တိုက်ကိုသော်၎င်း၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ၊ ကုန်သွယ် အလုပ်ဌာနဖြစ်သည်ဟု နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာ ထုတ်ပြန် သည့် အခြားအလုပ်ဌာန၊ သို့တည်းမဟုတ် အလုပ်ဌာန အမျိုးအစားကိုသော်၎င်း ဆိုလိုသည်။ သို့ရာတွင်ထိုစကားရပ်တွင်၊ ဆိုင်၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေး အလုပ်ဌာန မပါဝင်ချေ။

(ဂ) “အများပျော်ရွှင်ရေးအလုပ်ဌာန” ဆိုသည်မှာ၊ ရုပ်ရှင်ရုံကို၎င်း၊ ဇာတ်ရုံကို၎င်း၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ၊ အများပျော်ရွှင်ရေးအလုပ်ဌာနဖြစ်သည်ဟု နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့် အခြားအလုပ်ဌာန၊ သို့တည်းမဟုတ် အလုပ်ဌာနအမျိုးအစားကို၎င်း ဆိုလိုသည်။ သို့ရာတွင် ဆိုင်၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၊ သို့တည်းမဟုတ် အလုပ်ရုံ၊ သို့တည်းမဟုတ် စက်မှုလက်မှုအလုပ်ဌာန မပါဝင်ချေ။

(ဃ) “စက်မှုလက်မှုအလုပ်ဌာန” ဆိုသည်မှာ သတ္တုတွင်းကို၎င်း၊ ရေနံမြေကို၎င်း၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ စက်မှုလက်မှုအလုပ်ဌာနဖြစ်သည်ဟု နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာထုတ်ပြန် သည့် အခြားအလုပ်ဌာန၊ သို့တည်းမဟုတ် အလုပ်ဌာန အမျိုးအစားကို၎င်း ဆိုလိုသည်။ သို့ရာတွင် ဆိုင်၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေး အလုပ်ဌာန၊ သို့တည်း မဟုတ် အလုပ်ရုံမပါဝင်ချေ။

(င) “အလုပ်ရုံ” ဆိုသည်မှာ၊ အလုပ်ရုံများအက်ဥပဒေ၌အဓိပ္ပါယ်ဖော်ပြထားသည့်၊ သို့တည်းမဟုတ် ထိုအက်ဥပဒေအရ၊ အလုပ်ရုံဖြစ်သည်ဟု ကြေညာထားသည့် အလုပ်ရုံကို ဆိုလိုသည်။

(စ) “အလုပ်ရှင်” ဆိုသည်မှာ၊ ဆိုင်တခု၏လုပ်ငန်းကို ဖြစ်စေ၊ ကုန်သွယ်အလုပ်ဌာနကို ဖြစ်စေ၊ အများပျော်ရွှင်ရေးအလုပ်ဌာနကိုဖြစ်စေ၊ ပိုင်ဆိုင်သူ၊ သို့တည်းမဟုတ် ထိန်းသိမ်း အုပ်ချုပ်သူကိုသော်၎င်း၊ အလုပ်ရုံ၊ သို့တည်းမဟုတ် စက်မှုလက်မှုဌာန

ဖြစ်လျှင်၊ ထိုအလုပ်ရုံ၏၊ သို့တည်းမဟုတ် ထိုစက်မှုလက်မှု အလုပ်ဌာန၏ ပိုင်ဆိုင်သူကို၊ သို့တည်းမဟုတ် လုပ်ငန်းပိုင်ရှင်ကိုသော်၎င်း ဆိုလိုသည့်ပြင်၊ ထိုစကားရပ်တွင် အဆိုပါဆိုင်ကို၊ သို့တည်းမဟုတ် အဆိုပါအလုပ်ဌာနကို အရပ်ရပ်စီမံ ကြီးကြပ်ရာ၌၊ သို့တည်းမဟုတ် အုပ်ချုပ်ရာ၌ ထိုသူ၏ကိုယ်စားလှယ်၊ သို့တည်းမဟုတ် မန်နေဂျာနှင့် ထိုသူ့ကိုယ်စား ဆောင်ရွက်သော အခြားသူလည်း ပါဝင်သည်။

(ဆ) အလုပ်သမားဆိုသည်မှာ-

(ကက) ဆိုင်ဖြစ်လျှင်၊ ထိုဆိုင်၏လုပ်ငန်းနှင့်စပ်လျဉ်း၍ လုံးဝဖြစ်စေ၊ မှုရင်းအားဖြင့် ဖြစ်စေ အလုပ်လုပ် သူကို ဆိုလိုသည်။ ထို့ပြင် ထိုအလုပ်ဌာနတွင်စာရေး စာချီ၊ သို့တည်းမဟုတ် ငွေထိန်းအဖြစ်ဖြင့်သော်၎င်း၊ စာပို့သူ၊ ဒရဝမ်၊ ထိန်းသိမ်းသူ၊ အစောင့်၊ သို့တည်းမဟုတ် တံမြက်လှည်းအဖြစ်ဖြင့် သော်၎င်း အလုပ်လုပ်သူကိုလည်းဆိုလိုသည်။

(ခခ) ကုန်သွယ် အလုပ်ဌာနဖြစ်လျှင်၊ ထိုဌာန၏ လုပ်ငန်းနှင့်စပ်လျဉ်း၍ လုံးဝ ဖြစ်စေ၊ မှုရင်းအား ဖြင့်ဖြစ်စေ အလုပ်လုပ်သူကိုဆိုလိုသည်။ ထို့ပြင် ထိုအလုပ် ဌာနတွင် စာရေး စာချီ၊ သို့တည်းမဟုတ် ငွေထိန်းအဖြစ်ဖြင့် သော်၎င်း၊ စာပို့သူ၊ ဒရဝမ်၊ ထိန်းသိမ်းသူ၊ အစောင့်၊ သို့တည်းမဟုတ် တံမြက်လှည်း အဖြစ်ဖြင့် သော်၎င်း အလုပ်လုပ်သူကိုလည်းဆိုလိုသည်။

(ဂဂ) အများပျော်ရွှင်ရေး အလုပ်ဌာနဖြစ်လျှင်၊ ထိုအလုပ်ဌာန၏ လုပ်ငန်းနှင့် စပ်လျဉ်း၍ လုံးဝဖြစ်စေ၊ မှုရင်းအား ဖြင့်ဖြစ်စေ အလုပ်လုပ်သူကိုဆိုလိုသည်။ ထို့ပြင် ထိုအလုပ်ဌာနတွင် စာရေး စာချီ၊ သို့တည်းမဟုတ် ငွေထိန်း အဖြစ်ဖြင့်သော်၎င်း၊ စာပို့သူ၊ ဒရဝမ်၊ ထိန်းသိမ်းသူ၊ အစောင့်၊ သို့တည်းမဟုတ် တံမြက်လှည်းအဖြစ်ဖြင့် သော်၎င်း အလုပ်လုပ်သူကိုလည်း ဆိုလိုသည်။

(ဃဃ) အလုပ်ရုံ၊ သို့တည်းမဟုတ် စက်မှုလက်မှု အလုပ်လုပ်ဌာနဖြစ်လျှင်၊ ထိုအလုပ်ရုံတွင်၊ သို့တည်းမဟုတ်ထိုအလုပ်ဌာနတွင် စာရေး စာချီ၊ သို့တည်းမဟုတ် ငွေထိန်းအဖြစ်ဖြင့်သော်၎င်း၊ စာပို့သူ၊ ဒရဝမ်၊ ထိန်းသိမ်းသူ၊ အစောင့်၊ သို့တည်းမဟုတ် တံမြက်လှည်းအဖြစ်ဖြင့် သော်၎င်း အလုပ်လုပ်သူ ကိုဆိုလိုသည်။

သို့ရာတွင်၊ ထိုစကားရပ်တွင်၊ အလုပ်ရှင်သော်၎င်း၊ ထိုအလုပ်ရှင်နှင့်အတူ နေထိုင်သည်လည်းဖြစ်၍ ထိုအလုပ်ရှင်အပေါ် မှီခိုနေသည်လည်းဖြစ်သော အလုပ်ရှင်၏ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကို (အရင်း)၊ သို့တည်းမဟုတ် မောင်နှမ (အရင်း) တို့ မပါဝင်ချေ။

(ဇ) "ပိတ်ထားသည်" ဆိုသည်မှာ၊ ဝယ်ယူသူတဦးဦး၏ လိုအင်ကိစ္စကိုဆောင်ရွက်ရန်သော်၎င်း၊ လုပ်ငန်းဆောင်ရွက်ရန် သော်၎င်း ဖွင့်၍မထားခြင်းကိုဆိုလိုသည်။

(ဈ) "နေ့"၊ သို့တည်းမဟုတ် "ရက်" ဆိုသည်မှာ၊ ညဥ့်သန်းခေါင်ချိန်မှစ၍ ရေတွက်သော နှစ်ဆယ့် လေးနာရီကာလ အပိုင်းအခြားကို ဆိုလိုသည်။

(ည) "ရက်သတ္တပတ်" ဆိုသည်မှာ၊ စနေနေ့ညဥ့်သန်းခေါင်ချိန်မှစ၍ ရေတွက်သော ခုနစ်ရက်ကာလ အပိုင်းအခြားကို ဆိုလိုသည်။

(ဋ) "ပြဋ္ဌာန်းထားသည်" ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထား သည်ကို ဆိုလိုသည်။

(ဌ) "နည်းဥပဒေများ" ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများကို ဆိုလိုသည်။

**အချိန်နာရီရည်ညွှန်းချက်များ။**

၃။ ။ ဤအက်ဥပဒေ၌ အချိန်နာရီကို ရည်ညွှန်းလျှင် မြန်မာနိုင်ငံတော် စံတော်ချိန်ကို ရည်ညွှန်းသည်။

**နိုင်ငံတော်သမတ၏ အာဏာများ။**

၄။ ။ (၁) နိုင်ငံတော်သမတသည်၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်အားလုံး၏၊ သို့တည်းမဟုတ် ပြဋ္ဌာန်း ချက်တခုခု၏ ကိစ္စများအလို့ငှါ အမိန့်ကြော်ငြာစာဖြင့်-

(က) ကုန်သွယ်အလုပ်ဌာန၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေး အလုပ်ဌာန၊ သို့တည်းမဟုတ် အလုပ်ရုံ၊ သို့တည်းမဟုတ် စက်မှုလက်မှုအလုပ်ဌာန မဟုတ်သောမည်သည့် အလုပ်ဌာနကိုမဆို၊ ဆိုင်ဖြစ်သည်ဟုကျေညာနိုင်သည်။

(ခ) ဆိုင်၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေးအလုပ်ဌာန၊ သို့တည်းမဟုတ် အလုပ်ရုံ၊ သို့တည်းမဟုတ် စက်မှုလက်မှုအလုပ်ဌာန မဟုတ်သော မည်သည့် အလုပ်ဌာနကိုမဆို၊ ကုန်သွယ်အလုပ်ဌာန ဖြစ်သည်ဟု ကျေညာနိုင်သည်။

(ဂ) ဆိုင်၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၊ သို့တည်းမဟုတ်အလုပ်ရုံ၊ သို့တည်းမဟုတ် စက်မှုလက်မှုအလုပ်ဌာန မဟုတ်သော မည်သည့် အလုပ်ဌာနကို မဆို၊ သို့တည်းမဟုတ် မည်သည့်အလုပ် ဌာနအမျိုးအစားကို မဆို၊ အများပျော်ရွှင်ရေး အလုပ်ဌာနဖြစ်သည်ဟု ကျေညာနိုင်သည်။

(ဃ) ဆိုင်၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၊ သို့တည်းမဟုတ်အများ ပျော်ရွှင်ရေးအလုပ်ဌာန၊ သို့တည်းမဟုတ် အလုပ်ရုံမဟုတ်သော မည်သည့် အလုပ်ဌာနကိုမဆို၊ သို့တည်းမဟုတ် မည်သည့် အလုပ်ဌာနအမျိုးအစား ကိုမဆို၊ စက်မှုလက်မှု အလုပ်ဌာနဖြစ်သည်ဟု ကျေညာနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ၊ အမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြထားသော ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များ သည်၊ ထိုပုဒ်မခွဲပါပြဋ္ဌာန်းချက်များအရ၊ ဆိုင်၊ သို့တည်းမဟုတ် ကုန်သွယ် အလုပ်ဌာန၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေး အလုပ်ဌာန၊ သို့တည်းမဟုတ် စက်မှုလက်မှု အလုပ်ဌာန ဖြစ်သည်ဟု ကျေညာထား သောမည်သည့် အလုပ်ဌာနနှင့်မဆို သက်ဆိုင်စေရမည်။

(၃) နိုင်ငံတော် သမတသည်၊ ပြဋ္ဌာန်းသည့်အလုပ်ပိတ်ရက်အတွက်ဖြစ်စေ၊ ပြဋ္ဌာန်းသည့် အခြားအခါ သမယအတွက်ဖြစ်စေ၊ မည်သည့်ဆိုင်၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေးအလုပ်ဌာန၊ သို့တည်းမဟုတ်အလုပ်ရုံ၊ သို့တည်းမဟုတ် စက်မှုလက်မှုအလုပ်ဌာနနှင့်မဆို၊ စပ်လျဉ်း၍သော်၎င်း၊ မည်သည့်ဆိုင်အမျိုးအစား၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန အမျိုးအစား၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေးအလုပ်ဌာနအမျိုးအစား၊ သို့တည်းမဟုတ် အလုပ်ရုံအမျိုးအစား၊ သို့တည်းမဟုတ် စက်မှုလက်မှုအလုပ်ဌာန အမျိုးအစားနှင့် မဆိုစပ်လျဉ်း၍သော်၎င်း၊ မိမိသင့်တော်သည် ထင်မြင်သည့်ကာလ အပိုင်းအခြားအတွက်၊ မိမိ သင့်တော်သည်ထင်မြင်သည့် စည်းကမ်းချက်များထား၍၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက် အားလုံး၏၊ သို့တည်းမဟုတ် ပြဋ္ဌာန်းချက်တခုခု၏ အာဏာ သက်ရောက် ခြင်းကို၊ အမိန့်ကြော်ငြာ စာဖြင့် ရပ်ဆိုင်းထားနိုင်သည်။

**အက်ဥပဒေသည်၊ အချို့ အလုပ်ဌာနများ၊ ဆိုင်များ၊ ပုဂ္ဂိုလ်များနှင့်မသက်ဆိုင်ခြင်း။**

၅။ ။ (၁) ဤအက်ဥပဒေသည်၊ အောက်ပါတို့နှင့် မသက်ဆိုင်စေရ။

(က) အလုပ်ရုံ တခုခု၏ အလုပ်တိုက်မဟုတ်သော အစိုးရရုံးများနှင့် လုပ်ငန်းများ၊ သို့တည်းမဟုတ် အစိုးရလက်အောက်ခံရုံးများနှင့်လုပ်ငန်းများ၊ သို့တည်း မဟုတ် ဒေသန္တရ အာဏာပိုင်ရုံးများနှင့် လုပ်ငန်းများ၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင် လက်အောက်ခံရုံးများနှင့်လုပ်ငန်းများ။

(ခ) ကုန်းကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ၊ ရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ၊ လေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ။

(ဂ) မီးရထားဘူတာရုံရှိ၊ သို့တည်းမဟုတ် သင်္ဘောဆိပ်ရှိ၊ သို့တည်းမဟုတ် သင်္ဘောတံတားရှိ၊ သို့တည်းမဟုတ် လေယာဉ်ဆိပ်ရှိ စားသောက်ဆိုင်နှင့် အခြားဆိုင်များ။

(ဃ) လမ်းဘေးဈေးဆိုင်များ။

(င) အများဆိုင်ရာပြပွဲ၌ ရောင်းသောစားသောက်ဆိုင်များနှင့်အခြားဆိုင်များ။

(စ) ယာယီမျှသာ ကျင်းပသောပွဲများတွင် တည်ခင်းသည့် ပျော်ရွှင်ရေး အလုပ်ဌာနများ၊ စားသောက် ဆိုင်နှင့် အခြားဆိုင်များ။

(ဆ) မန်နေဂျာအလုပ်လုပ်သူ။

(ဇ) နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက် အားလုံး၏၊ သို့တည်းမဟုတ် ပြဋ္ဌာန်းချက်တခုခု၏ အာဏာ သက်ရောက်ခြင်းမှ ကင်းလွတ်ခွင့်ပြုသည့် အခြားအလုပ်ဌာနများ၊ သို့တည်းမဟုတ် ဆိုင်များ၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်များ၊ သို့တည်းမဟုတ် အလုပ်ဌာနအမျိုးအစားများ၊ သို့တည်းမဟုတ် ဆိုင်အမျိုးအစားများ၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်အမျိုးအစားများ။

(၂) ပုဒ်မခွဲ (၁) တွင် မည်သို့ပင်ပါရှိစေကာမူ၊ နိုင်ငံတော်သမတသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍၊ ထိုပုဒ်မခွဲတွင် သီးခြားဖော်ပြထားသည့် မည်သည့်ဆိုင်ကိုမဆို၊ သို့တည်းမဟုတ် မည်သည့်အလုပ်ဌာနကို မဆို၊ သို့တည်းမဟုတ် မည်သည့် ပုဂ္ဂိုလ်ကိုမဆို၊ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖော်ပြထားသည့် ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များ၏ အာဏာသက်ရောက်ခြင်းမှ ကင်းလွတ်ခွင့် မရှိစေရဟူ၍၎င်း၊ အဆိုပါ အမိန့်ကြော်ငြာစာတွင် သီးခြားဖော်ပြထားသည့် ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက် များသည်၊ ထိုဆိုင်နှင့်၊ သို့တည်းမဟုတ် ထိုအလုပ်ဌာနနှင့်၊ သို့တည်းမဟုတ် ထိုပုဂ္ဂိုလ်နှင့် သက်ဆိုင်စေရမည် ဟူ၍၎င်း ကျေညာနိုင်သည်။

(၃) ပုဒ်မ ၆၊ ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်များသည်၊ အောက်ပါတို့နှင့်မသက်ဆိုင်စေရ။

(က) စားသောက်ဆိုင်များ။

(ခ) အသား၊ ငါး၊ နွားနို့နှင့် နွားနို့ထွက် စားဘွယ်သောက်ဘွယ်မုန့်၊ သို့တည်း မဟုတ် ပျက်စီးလွယ်သောကုန်ပစ္စည်းများကိုအဓိကအားဖြင့်၊ ရောင်းချသည့်

ဆိုင်များ၊ သို့တည်းမဟုတ် ဆိုင်အမျိုးအစားများ (ဤ၀တ္ထုပစ္စည်းများ ရောင်းချခြင်းနှင့် စပ်လျဥ်းသမျှသာ ကင်းလွတ်ခွင့်ပြုခြင်းဖြစ်သည်)။

(ဂ) ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငံပြာရည်၊ ဟင်းမွှေးပစ္စည်း၊ သို့တည်းမဟုတ် နိုင်ငံတော် သမတက အမိန့်ကြော်ငြာစာဖြင့် ကင်းလွတ်ခွင့်ပြုသော အခြားစားဖို ဆောင်သုံး စားသောက်ဘွယ်ပစ္စည်းများကို လက်လီ ရောင်းချသည့်ဆိုင်များ၊ သို့တည်းမဟုတ် ဆိုင်အမျိုးအစားများ (ဤ၀တ္ထုပစ္စည်းများ ရောင်းချခြင်းနှင့် စပ်လျဥ်းသမျှသာ လွတ်ကင်းခွင့်ပြုခြင်းဖြစ်သည်)။

(ဃ) ဟင်းသီးဟင်းရွက်၊ သစ်သီး၊ ပန်း၊ ငါးစိမ်းကုန် ရောင်းချသည့်ဆိုင်များ၊ သို့တည်းမဟုတ် ဆိုင်အမျိုးအစားများ(ဤ၀တ္ထုပစ္စည်းများရောင်းချခြင်းနှင့် စပ်လျဥ်းသမျှသာ ကင်းလွတ်ခွင့်ပြုခြင်း ဖြစ်သည်)။

(င) အသုဘကိစ္စ၊ မြေမြှုပ်သင်္ဂြိုဟ်ခြင်းကိစ္စ၊ သို့တည်းမဟုတ် မီးသင်္ဂြိုဟ်ခြင်းကိစ္စ အတွက်လိုအပ်သည့် ၀တ္ထုပစ္စည်းများ ရောင်းချသောဆိုင်များ (ဤ၀တ္ထု ပစ္စည်းများရောင်းချခြင်းနှင့် စပ်လျဥ်းသမျှသာ ကင်းလွတ်ခွင့်ပြုခြင်း ဖြစ်သည်)။

(စ) ထင်း၊ မီးသွေး၊ သို့တည်းမဟုတ် အိမ်သုံးအတွက်ရေနံထွက် ပစ္စည်းများ လက်လီရောင်းချသည့် ဆိုင်များ။

(ဆ) ဆေးလိပ်အမျိုးမျိုး၊ ဆေးတံသောက်ဆေး၊ ကွမ်းယာ၊ ဆိုင်ဥပစာတွင် သောက်ရန် လက်လီ ရောင်းချသည့်သောက်ဘွယ် အမျိုးမျိုး၊ ရေခဲ၊ သို့တည်းမဟုတ် သတင်းစာနှင့် အချိန်မှန်ထုတ်ဝေသော စာစောင်များ ရောင်းချသည့်ဆိုင်များ (ဤ၀တ္ထုပစ္စည်းများရောင်းချခြင်းနှင့် စပ်လျဥ်း သမျှသာ ကင်း လွတ်ခွင့်ပြုခြင်းဖြစ်သည်)။

(ဇ) မော်တော်ယာဥ်များအတွက် ရေနံထွက်၀တ္ထုပစ္စည်းများ၊ သို့တည်းမဟုတ် ကိရိယာ အစိတ်အပိုင်းများ လက်လီရောင်းချသည့်ဆိုင်များ။

(ဈ) ဆံသဌာနများ။

(ည) အင်စပက်တော်ချုပ်က စာဖြင့်ခွင့်ပြုထားသည်လည်း ဖြစ်လျက် ပင်လယ်ကူး သင်္ဘောများအတွက် လိုအပ်သော ၀တ္ထုပစ္စည်း အမျိုးမျိုးရောင်းချသည့် ဆိုင်များ (ဤ၀တ္ထုပစ္စည်းများကို ပင်လယ်ကူးသင်္ဘောများအတွက် ရောင်းချ ခြင်းနှင့်စပ်လျဥ်းသမျှသာ ကင်းလွတ်ခွင့်ပြုခြင်းဖြစ်သည်)။

(၄) ပုဒ်မ ၆၊ ပုဒ်မခွဲ (၁) နှင့်ပုဒ်မ ၇၊ ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်များသည် အောက်ပါ တို့နှင့် မသက်ဆိုင်စေရ။

(က) ကလဗ်များ၊ တည်းခိုစားသောက်ရာ ဟော်တယ်များ၊ အခပေးတည်းခို စားသောက်ရာအိမ်များ။

(ခ) ဘယဆေး၊ ခွဲစိတ်ကုသရန် ကိရိယာတန်ဆာ၊ သို့တည်းမဟုတ် အခြားဘယ ဆေးဆိုင်ရာ လိုအပ်သည့် အသုံးအဆောင်ကို အဓိအားဖြင့် လက်လီ ရောင်းချသည့် ဆိုင်များ (ဤဝတ္ထုပစ္စည်းများ ရောင်းချခြင်းနှင့် စပ်လျဉ်း သမျှသာ ကင်းလွတ်ခွင့်ပြုခြင်းဖြစ်သည်)။

(ဂ) ပြည်သူတို့အား ဓါတ်အား၊ သို့တည်းမဟုတ် ဓါတ်မီး၊ သို့တည်းမဟုတ် ဓါတ်ငွေ့၊ သို့တည်းမဟုတ် ရေပေးသောလုပ်ငန်း၊ ထို့ပြင်နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့် ကင်းလွတ်ခွင့်ပြုသည့် အခြား ပြည်သူ့အတွက် အသုံးဝင်သော လုပ်ငန်းများ၊ သို့တည်းမဟုတ် လုပ်ငန်းအမျိုးအစားများ။

**ရက်သတ္တပတ်စဉ် အလုပ်ပိတ်ရက်။**

၆။ ။ (၁) ဆိုင်နှင့် ကုန်သွယ် အလုပ်ဌာနအသီးသီးကို ရက်သတ္တပတ်လျှင် အနည်းဆုံး တရက် လုံးဝပိတ် ထားရမည်။ ထို့ပြင် ထိုဆိုင်၏၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၏ အလုပ်သမားကို ထိုနေ့တွင် အားလပ်ခွင့်ပေးရမည်။ ယင်းသို့ အားလပ်ခွင့်ပေးရသည့်အတွက် ထိုအလုပ်သမား၏ အခကြေးငွေမှ ဖြတ်တောက်ခြင်းမပြုရ။

**ခြွင်းချက်။** ။ သို့ရာတွင်ဆိုင်တဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာနတခု၌၊ နှစ်မျိုး ဖြစ်သော၊ သို့တည်းမဟုတ် နှစ်မျိုးထက်ပိုသော ကုန်သွယ်မှုကို၊ သို့တည်းမဟုတ် စီးပွါးရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် တမျိုးမျိုးသည်၊ အကယ်၍ ထိုဆိုင်၏သို့တည်းမဟုတ် ထိုကုန်သွယ်အလုပ်ဌာန၏ တခုတည်းသော ကုန်သွယ်မှု၊ သို့တည်းမဟုတ် တခုတည်းသောစီးပွါးရေးလုပ်ငန်းဖြစ်ခဲ့သော်၊ ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များသည်၊ ထိုဆိုင်နှင့်၊ သို့တည်းမဟုတ် ထိုကုန်သွယ်အလုပ်ဌာနနှင့် သက်ဆိုင်ခြင်း မရှိသည့်အခါ၊ ထိုဆိုင်သည်၊ သို့တည်းမဟုတ် ထိုကုန်သွယ်အလုပ်ဌာနသည်၊ ထိုကုန်သွယ်မှုနှင့်၊ သို့တည်းမဟုတ် ထိုစီးပွါးရေးလုပ်ငန်းနှင့် စပ်လျဉ်းသမျှသာ ဤပုဒ်မခွဲ၏အာဏာ သက်ရောက်ခြင်းမှ ကင်းလွတ်စေရမည်။ ထို့ပြင်အလုပ်ရုံ၊ သို့တည်းမဟုတ် သတ္တုတွင်း သို့တည်းမဟုတ် ရေနံမြေကိုပိတ်မထားလျှင်၊ ထိုအလုပ်ရုံ၊ သို့တည်းမဟုတ် သတ္တုတွင်း၊ သို့တည်းမဟုတ် ရေနံမြေနှင့် စပ်လျဉ်းသည့် ကုန်သွယ် အလုပ်ဌာနကို ဤပုဒ်မခွဲ၏ ပြဋ္ဌာန်းချက်အရ ပိတ်ထားရန်မလိုချေ။

(၂) ပုဒ်မ ၅ (၃) တွင်သီးခြားဖော်ပြထားသည့်ဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၌ ဖြစ်စေ၊ အများပျော်ရွှင်ရေးလုပ်ငန်းဌာန၌၊ သို့တည်းမဟုတ် အလုပ်ရုံ၌၊ သို့တည်းမဟုတ် စက်မှုလက်မှုအလုပ် ဌာန၌ဖြစ်စေ၊ အလုပ်သမားအား ရက်သတ္တတပတ်လျှင် အနည်းဆုံး တရက်ကို အလုပ်ပိတ်ရက်အဖြစ် ခွင့်ပြုရမည်။ ယင်းသို့အားလပ်ခွင့်ပေးရသည့်အတွက် ထိုအလုပ်သမား၏ အခကြေးငွေမှဖြတ်တောက် ခြင်းမပြုရ။

(၃) နိုင်ငံတော်သမတသည်၊ အဖွဲ့အစည်းများနှင့်၎င်း၊ အလုပ်ရှင်များ၏ ကိုယ်စားလှယ်များနှင့်၎င်း၊ အလုပ်သမားများ၏ ကိုယ်စားလှယ်များနှင့်၎င်း၊ တိုင်ပင်၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ သီးခြားဖော်ပြထားသည့် ကုန်စည်များကို အရောင်းအဝယ်ပြုသော၊ သို့တည်းမဟုတ် သီးခြားဖော်ပြထားသည့် အရပ်ဒေသတွင်တည်ရှိသောကုန်သွယ်အလုပ်ဌာနနှင့် ဆိုင်အားလုံးကို ရက်သတ္တ ပတ်တိုင်းပိတ်ထား ရမည့်နေ့တနေ့ကို သတ်မှတ်နိုင်သည်။

**အလုပ်လုပ်ချိန်။**

၇။ ။ (၁) ဆိုင်နှင့် ကုန်သွယ် အလုပ်ဌာနတိုင်းကို ညဉ့်ကိုးနာရီနှင့် နံနက်ငါးနာရီစပ်ကြားတွင် ပိတ်ထား ရမည်။ သို့ရာတွင် ညဉ့်ကိုးနာရီအချိန်တွင် ဆိုင်၌ ဝယ်ယူနေဆဲဖြစ်သော၊ သို့တည်းမဟုတ် ဝယ်ယူရန် စောင့်ဆိုင်းနေသော သူအား၊ အဆိုပါအချိန်ကုန်လွန်ပြီးနောက်၊ တဆက်တည်းဖြစ်သော မိနစ်သုံးဆယ် ကာလအပိုင်းအခြားအတွင်းတွင် ကုန်စည်ကို ရောင်းချနိုင်သည်။

**ခြွင်းချက်။** ။ သို့ရာတွင် စားသောက်ဆိုင်များကို နံနက် ၁ နာရီအထိ ဖွင့်ထားနိုင်သည်။ ထို့ပြင် ကိုးကွယ်သည့် ဘာသာရေးနှင့် စပ်လျဉ်း၍ အချိန်ကာလအားလျော်စွာ အင်စပက်တော်ချုပ်က စည်းကမ်းချက် သတ်မှတ်၍ခွင့်ပြုသော စားသောက်ဆိုင်ကို ယင်းသို့ခွင့်ပြုချက်နှင့် အညီဖွင့်ထား နိုင်သည်။

ထို့ပြင် ဆိုင်တဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန တခု၌နှစ်မျိုးဖြစ်သော၊ သို့တည်းမဟုတ် နှစ်မျိုးထက်ပိုသောကုန်သွယ်မှုကို၊ သို့တည်းမဟုတ် စီးပွါးရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် တမျိုးမျိုး သည် အကယ်၍ထိုဆိုင်၏၊ သို့တည်းမဟုတ် ထိုကုန်သွယ်အလုပ်ဌာန၏တခုတည်းသောကုန်သွယ်မှု၊ သို့တည်းမဟုတ် တခုတည်းသောစီးပွါးရေးလုပ်ငန်း ဖြစ်ခဲ့သော်၊ ဤပုဒ်မခွဲပါပြဋ္ဌာန်းချက်များသည်၊ ထိုဆိုင်နှင့်၊ သို့တည်းမဟုတ် ထိုကုန်သွယ်အလုပ်ဌာနနှင့် သက်ဆိုင်ခြင်းမရှိသည့်အခါ၊ ထိုဆိုင်သည်၊ သို့တည်းမဟုတ် ထိုကုန်သွယ်အလုပ်ဌာနသည်၊ ထိုကုန်သွယ်မှုနှင့်၊ သို့တည်းမဟုတ် ထိုစီးပွါးရေးလုပ်ငန်းနှင့် စပ်လျဉ်းသမျှသာ ဤပုဒ်မခွဲ၏အာဏာသက်ရောက်ခြင်းမှ ကင်းလွတ်စေရမည်။

(၂) ဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၌၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေး အလုပ်ဌာန၌၊ အလုပ်သမားအား ထိုဆိုင်၊ ကုန်သွယ်အလုပ်ဌာန၊ အများပျော်ရွှင်ရေး အလုပ်ဌာန အသီးသီး၌ တရက် လျှင် ရှစ်နာရီထက် ပို၍၎င်း၊ ရက်သတ္တပတ်လျှင် လေးဆယ့်ရှစ်နာရီထက်ပို၍၎င်း အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

**ခြွင်းချက်။** ။ သို့ရာတွင် ကုန်စည်ပစ္စည်းစာရင်းယူသည့်၊ သို့တည်းမဟုတ်ငွေစာရင်း ချုပ်သည့်၊ သို့တည်းမဟုတ် စာရင်းရှင်းလင်းသည့်၊ သို့တည်းမဟုတ် ပြဋ္ဌာန်းသည့်အခြားလုပ်ငန်း ဆောင်တာများ ဆောင်ရွက်သည့်ရက်တွင်၊ သို့တည်းမဟုတ် ရက်သတ္တပတ်တွင်၊ သို့တည်းမဟုတ် ပြဋ္ဌာန်းသည့် အခြား ကာလ အပိုင်းအခြားများအတွင်းတွင်၊ ထိုဆိုင်၊ ကုန်သွယ်အလုပ်ဌာန၊ အများ ပျော်ရွှင်ရေး အလုပ်ဌာန အသီးသီး၌ အလုပ်သမားတဦးဦးကို၊ ထိုဆိုင်၊ ကုန်သွယ်အလုပ်ဌာန၊ အများပျော်ရွှင်ရေး အလုပ်ဌာန အသီးသီး၌၊ အဆိုပါရက်တွင် ရှစ်နာရီထက်ပို၍၎င်း၊ အဆိုပါ ရက်သတ္တပတ်တွင် လေးဆယ့်ရှစ်နာရီ ထက်ပို၍၎င်း၊ အချိန်ပိုလုပ်စေနိုင်သည်၊ သို့တည်းမဟုတ် လုပ်ခွင့်ပြုနိုင်သည်။ သို့ရာတွင် ထိုသူထိုကဲ့သို့ အချိန်ပိုလုပ်သော နာရီစုစုပေါင်းသည်၊ မည်သည့်နှစ်၌ မဆို ခြောက်ဆယ်ထက် မပိုစေရ။

(၃) ဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၌ ထိန်းသိမ်းသူများ၊ သို့တည်းမဟုတ် အစောင့်များမှတပါး အခြားမည်သည့်အလုပ်သမားကိုမျှ ညဉ့်ကိုးနာရီခွဲ အချိန်မှကျော်လွန်၍ အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

**ခြွင်းချက်။** ။ သို့ရာတွင် တနှစ်လျှင်အချိန်ပိုလုပ်သည့် အများဆုံးနာရီပေါင်းနှင့်စပ်လျဉ်း၍၊ ပုဒ်မခွဲ (၂) ၏၊ ခြွင်းချက်တွင်ပါရှိသည့် ကန့်သတ်ချက်နှင့် မဆန့်ကျင်စေဘဲ၊ စာရင်းဝင်ဘဏ်၌ အလုပ်လုပ်သူများ သည်၊ ညဉ့်သန်းခေါင် ဆယ့်နှစ်နာရီထိအချိန်ပိုလုပ်နိုင်သည်။

(၄) ဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၌၊ သို့တည်းမဟုတ် အများ ပျော်ရွှင်ရေးအလုပ်ဌာန၌၊ အလုပ်သမားကို ထိုဆိုင်၊ ကုန်သွယ်အလုပ်ဌာန၊ အများပျော်ရွှင်ရေး အလုပ်ဌာန အသီးသီးတွင် မည်သည့် ရက်၌မဆို အနည်းဆုံး နာရီဝက်မျှအနားယူရန် အားလပ်ချိန် မပေးဘဲ၊ ငါးနာရီထက်ပို၍အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

(၅) အများပျော်ရွှင်ရေး အလုပ်ဌာနတိုင်းကို နံနက်တနာရီနှင့် နံနက်ကိုးနာရီစပ်ကြား ပိတ်ထားရမည်။

**ခြွင်းချက်။** ။ သို့ရာတွင် တနင်္ဂနွေနေ့တွင် သော်၎င်း၊ အလှူပွဲ၊ ရှုံခမယူသောအထူးပွဲနှင့် ဆင်ဆာ ကိစ္စ အတွက်ပွဲကိုပြသောနေ့တွင်သော်၎င်းနံနက် ခုနှစ် နာရီခွဲမှစ၍ ဖွင့်ထားနိုင်သည်။

(၆) ဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၌၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေး အလုပ်ဌာန၌ အလုပ်သမားအသီးသီးအလုပ်လုပ်သည့် ကာလအပိုင်းအခြားများနှင့် အနားယူရန် အားလပ်ချိန် အပိုင်းအခြားများကို အလုပ်ရှင်ကစီစဉ်ရမည်။ ထိုသို့စီစဉ်ရာ၌၊ ထိုဆိုင်၊ ကုန်သွယ် အလုပ်ဌာနအသီးသီး တွင် ထိုဆိုင်၊ ကုန်သွယ်ဌာန ကာလအပိုင်းအခြားစုစုပေါင်းသည်၊ တရက်လျှင် ဆယ့်တနာရီထက် မပိုစေရ။ အများပျော်ရွှင်ရေးအလုပ်ဌာန၌မူကား၊ တရက်လျှင် ဆယ့်လေးနာရီ ထက် မပိုစေရ။

**ခြွင်းချက်။** ။ သို့ရာတွင် ထိန်းသိမ်းသူများအဖြစ်ဖြင့်သော်၎င်း၊ အစောင့်များအဖြစ်ဖြင့် သော်၎င်း အလုပ်လုပ်သူတို့အတွက် အနားယူရန် အားလပ်ချိန် မပေးဘဲနေနိုင်သည်။

**ငယ်ရွယ်သူများ။**

၈။ ။ (၁) အသက်ဆယ့်သုံးနှစ်မပြည့်သေးသောသူကို ဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ် အလုပ်ဌာန၌၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေးအလုပ်ဌာန၌၊ အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

(၂) ဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၌၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေး အလုပ်ဌာန၌ အသက်ဆယ့်ရှစ်နှစ် မပြည့်သေးသူအား၊ မည်သည့်အချိန်နာရီမှ ကျော်လွန်၍ အလုပ် လုပ်ခွင့်မပြုရဟု နိုင်ငံတော်သမတက အချိန်နာရီသတ်မှတ်နိုင်သည်။

**အခကြေးငွေပေးခြင်း။**

၉။ ။ ဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၌၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေး အလုပ်ဌာန၌၊ အလုပ်သမားအား ပေးရမည့် အခကြေးငွေအားလုံးကို၊ ထိုအခကြေးငွေပေးရမည့် လကုန်လွန်သည့် နောက်တဆက်တည်းဖြစ်သောခုနစ်ရက်မြောက်နေ့ထက် နောက်မကျစေဘဲ ထုတ်ပေး ရမည်။

**အချိန်ပို လုပ်ရသည့်အတွက် အခပို။**

၁၀။ ။ ဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၌၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေး အလုပ်ဌာန၌ အလုပ်သမားကို၊ ထိုဆိုင်၊ ကုန်သွယ် အလုပ်ဌာန၊ အများပျော်ရွှင်ရေး အလုပ်ဌာန အသီးသီးတွင် ပုဒ်မ၇၊ ပုဒ်မခွဲ (၂)၌ သီခြားဖေါ်ပြထားသော အများဆုံးကန့်သတ်ထားသည့် အလုပ်လုပ်ရသည့်နာရီ ထက်ပို၍အချိန်ပို လုပ်စေသည့်အခါ၊ သို့တည်းမဟုတ် လုပ်ရန် ခွင့်ပြုသည့်အခါ၊ ထိုသို့အချိန်ပိုလုပ်သည့် အလုပ်အတွက်၊ ထိုသူအားပေးရမည့် အခကြေးငွေကို

ထိုသူအား ပေးရမည့် သာမန် အခကြေးငွေနှုန်း၏ နှစ်ဆထား၍ တွက်ချက်ရမည်။ ထို့ပြင် သာမန်အခကြေးငွေနှုန်းများကိုလည်းပြဋ္ဌာန်းသည့်နည်းလမ်း အတိုင်း တွက်ချက်ရမည်။

ဤပုဒ်မအလို့ငှါ "အခကြေးငွေများ"ဆိုသည်မှာ၊ မည်သည့်စရိတ်မျှမပါသော အခသက်သက် ကိုသာ ဆိုလိုသည်။

**မှတ်တမ်းများ၊ မှတ်ပုံစာအုပ်များနှင့် နို့တစ်စာများထားရှိခြင်း။**

၁၁။ ။ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ အလုပ်ရှင်တိုင်းသည်ပြဋ္ဌာန်းသည့် မှတ်တမ်းများနှင့် မှတ်ပုံစာအုပ်များကိုထားရှိရမည့်ပြင်၊ ပြဋ္ဌာန်းသည့် နို့တစ်စာကိုလည်း မြင်သာအောင်ပြထားရမည်။

အင်စပက်တော်။

၁၂။ ။ (၁) နိုင်ငံတော်သမတသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ မိမိသင့်တော်သည် ထင်မြင်သူကို၊ ဤအက်ဥပဒေအလို့ငှါ၊ အင်စပက်တော်အဖြစ် ခန့်ထားနိုင်သည်။ ၎င်းပြင်ထိုသူ အတွက် မိမိသင့်တော် သည်ထင်မြင်သည့်နယ်နိမိတ်ကို သတ်မှတ်ပေးနိုင်သည်။

(၂) နိုင်ငံတော်သမတသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ မိမိသင့်တော်သည် ထင်မြင်သူကို အင်စပက်တော်ချုပ်အဖြစ်ခန့်ထားနိုင်သည်။ ထိုအင်စပက်တော်ချုပ်သည် ဤအက် ဥပဒေအရ အင်စပက်တော်ချုပ်အား အပ်နှင်းသည့် အာဏာများအပြင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တဝန်းလုံးတွင် အင်စပက်တော်၏အာဏာများကိုလည်း သုံးစွဲဆောင်ရွက်ရမည်။

(၃) ပုဒ်မခွဲ (၁) နှင့် (၂) အရအင်စပက်တော်ချုပ်နှင့် အင်စပက်တော်အသီးသီးသည်၊ ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည့်အပြင်၊ ရာထူးနှင့် စပ်လျဉ်း၍လည်း ဤကိစ္စအလို့ငှါ နိုင်ငံတော်သမတက သီးခြားဖေါ်ပြထားရာ အာဏာပိုင် လက်အောက် ဖြစ်ရမည်။

**အင်စပက်တော်၏အာဏာ။**

၁၃။ ။ ဤကိစ္စအလို့ငှါ နိုင်ငံတော်သမတကပြုသည့် နည်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ၊ ပုဒ်မ ၁၂ အရ ခန့်ထားသည့် အင်စပက်တော်သည်၊ မိမိအားခန့်ထားရာဖြစ်သောနယ်နိမိတ်အတွင်းတွင်၊ ဆိုင်သော်၎င်း၊ ကုန်သွယ်အလုပ်ဌာနသော်၎င်း၊ အများပျော်ရွှင်ရေးအလုပ်ဌာနသော်၎င်းဖြစ်သည့်၊ သို့တည်းမဟုတ် ဖြစ်သည်ဟုမိမိယုံကြည်ရန်အကြောင်းရှိသည့် နေရာသို့၊ ပြည်ထောင်စုမြန်မာ နိုင်ငံတော် အစိုးရအမှုထမ်း များဖြစ်ကြသောသူများရှိလျှင်၊ ထိုသူများ၏အကူအညီဖြင့် သင့်လျော်သည့် အချိန်အခါ၌ ဤအက်ဥပဒေ ပါကိစ္စများအလို့ငှါဝင်ရောက်၍၊ ထိုနေရာကို၎င်း၊ ထိုနေရာတွင် ထားရှိသော ပြဋ္ဌာန်းသည့်မှတ်တမ်း၊ သို့တည်းမဟုတ် မှတ်ပုံစာအုပ်၊ သို့တည်းမဟုတ်

နို့တစ်စာကိုဝင်း၊ ပြဋ္ဌာန်းသည့်အတိုင်း ကြည့်ရှု စစ်ဆေးရမည့်ပြင်၊ ပြဋ္ဌာန်းသည့် မှတ်တမ်း၊ သို့တည်းမဟုတ် မှတ်ပုံစာအုပ်ကို၊ သို့တည်းမဟုတ် နို့တစ်စာကို ရှင်းလင်းဖော်ပြစေခြင်းနှင့် အခြား စုံစမ်းမေးမြန်းမှုများကိုလည်း ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါလိုအပ်သည်ဟု မိမိ ထင်မြင်သည့် အတိုင်းပြုနိုင်သည်။

**ခြွင်းချက်။** ။ သို့ရာတွင်ရာဇဝတ်ပြစ်ဒဏ်မိမိအားထိုက်သင့်စေနိုင်သည့် အဖြေကိုပေး ရမည် ဟူ၍ သော်၎င်း၊ ရာဇဝတ်ပြစ်ဒဏ်မိမိအားထိုက်သင့်စေနိုင်သည့် သက်သေခံချက်ကိုထွက်ဆိုရမည် ဟူ၍ သော် ၎င်း၊ မည်သူ့ကိုမျှ ဤပုဒ်မအရတောင်းဆိုပိုင်ခွင့် မရှိစေရ။

**ပြစ်ဒဏ်များ။**

၁၄။ ။ (၁) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်တခုခုကို ဆန့်ကျင်သူမည်သူမဆို၊ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်၊ ထိုသူသည် သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငါးရာထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေစီရင်ခြင်းခံရမည်။

(၂) ပုဒ်မခွဲ (၁) အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရဘူး သူသည်၊ ယခင်က ဆန့်ကျင် ခဲ့သောပြဋ္ဌာန်းချက်ကို နောက်ထပ် ဆန့်ကျင်သည့်ပြစ်မှုအတွက် ပြစ်မှု ထင်ရှား စီရင်ခြင်း ခံရလျှင်၊ ထိုသူသည် နောက်ထပ် ပြစ်ဒဏ် စီရင်ခြင်းခံရသောအခါ၊ ခြောက်လထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံးနှစ်ရာမှ အများဆုံး တထောင်ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ သို့တည်းမဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်း ခံရမည်။

သို့ရာတွင် ဤပုဒ်မအရပြစ်ဒဏ်စီရင်ရန်အလို့ငှါနှစ်နှစ်ကျော်က ထိုသူအပေါ်တွင်ချမှတ်သည့် ပြစ်ဒဏ်ကို ထည့်သွင်းအရေးမယူရ။

(၃) မည်သူမဆို ဤအက်ဥပဒေအရအပ်နှင်းထားသည့် အာဏာကို သုံးစွဲနေသော အင်စပက်တော်ကို ထမင်ဟန့်တားလျှင်သော်၎င်း၊ ဤအက်ဥပဒေနှင့်အညီ၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီ မိမိထားရှိသည့် မှတ်ပုံစာအုပ်ကို၊ သို့တည်းမဟုတ် အခြားစာချုပ်စာတမ်းများကို ထုတ်ပြရန် အင်စပက်တော်ကတောင်းဆိုသည့် အခါထုတ်ပြရန်ပျက်ကွက်လျှင်သော်၎င်း၊ ဆိုင်၌ ဖြစ်စေ၊ ကုန်သွယ်အလုပ်ဌာန၌ဖြစ်စေ၊ အများ ပျော်ရွှင်ရေး အလုပ်ဌာန၌ဖြစ်စေရှိသော အလုပ်သမား တဦးဦးကို အင်စပက်တော်ရှေ့သို့ လာရောက်ခြင်း၊ သို့တည်းမဟုတ် အင်စပက်တော်၏ အစစ်အဆေးခံ ခြင်းမပြုနိုင်အောင် ဝှက်ထားလျှင်၊ သို့တည်းမဟုတ် တားဆီးလျှင်သော်၎င်း၊ ထိုသူသည် သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငါးရာထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရ မည်။

**ကျင့်ထုံး။**

၁၅။ ။ (၁) ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေအရဖြစ်စေ၊ ပြစ်ဒဏ်ထိုက် သင့်သည့် ပြစ်မှုတခုခုကို ပဌမတန်းရာဇဝတ် တရားသူကြီးအောက်ငယ်သည့် မည်သည့်တရားရုံးကမျှ စစ်ဆေးခြင်းမပြုရ။

(၂) မည်သည့်တရားရုံးမှာမျှ ဤအက်ဥပဒေအရ ပြစ်ဒဏ်ထိုက်သင့်သောပြစ်မှုကို၊ ပုဒ်မ ၁၂အရ ခန့်ထားသော အင်စပက်တော်က တိုင်တန်းသည့် အခါတွင်မှ တပါး၊ အရေးယူပိုင်ခွင့်မရှိစေရ။

**မည်သူသည်အလုပ်ရှင်ဖြစ်ကြောင်းဆုံးဖြတ်ချက်။**

၁၆။ ။ (၁) အလုပ်ရှင်သည် ဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ်သီးခြားပုဂ္ဂိုလ်များပါဝင်သည့်အဖွဲ့ ဖြစ်လျှင်၊ ထိုဘက်စပ်လုပ်ငန်းတွင် ဘက်စပ်ပါဝင်သူများ၊ သို့တည်းမဟုတ် ထိုအဖွဲ့တွင် ပါဝင်သူများ အနက်မည်သူ့ကိုမဆို အလုပ်ရှင်အား ပြစ်ဒဏ်ပေးနိုင်သည့်ပြစ်မှုတခုခုအတွက်၊ ဤအက်ဥပဒေအရ တရားစွဲဆို၍ပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာတွင် ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင်ပါဝင်သူတို့အနက်၊ ပြည်ထောင်စု မြန်မာနိုင်ငံ၌ နေထိုင်သူတဦးဦးကို ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ အလုပ်ရှင်အဖြစ် အမည်တင်သွင်းပြီး ဖြစ်ကြောင်းဖြင့် ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့က အင်စပက်တော်အား နို့တစ်စာပေးပို့ နိုင်သည်။ ထိုပြင်ထိုပုဂ္ဂိုလ်သည် ယင်းသို့နေထိုင် သမျှကာလ ပတ်လုံး မိမိအားအမည်တင်သွင်းခြင်းကို ပယ်ဖျက်သည့် နောက်ထပ်နို့တစ်စာကို အင်စပက်တော်က မရမီသော်၎င်း၊ မိမိသည်ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင် အစုပါဝင်သူအဖြစ်မှ၊ သို့တည်းမဟုတ် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်း မပြုမီ သော်၎င်း၊ ဤအက်ဥပဒေ ပါကိစ္စများအလို့ငှါ အလုပ်ရှင်ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၂) အလုပ်ရှင်သည်၊ အများပိုင် ကုမ္ပဏီဖြစ်လျှင်၊ ထိုကုမ္ပဏီ၏ ဒါရိုက်တာ လူကြီးများအနက် မည်သည့် ဒါရိုက်တာလူကြီးကိုမဆို၊ သို့တည်းမဟုတ် အနည်းပိုင်ကုမ္ပဏီဖြစ်လျှင်၊ ထိုကိုယ်ပိုင်ကုမ္ပဏီတွင် အစုပါဝင်သူများအနက် မည်သည့်အစုပါဝင်သူကိုမဆို အလုပ်ရှင်အား ပြစ်ဒဏ်ပေး နိုင်သည့် ပြစ်မှုတခုခု အတွက် ဤအက်ဥပဒေအရ တရားစွဲဆို၍ပြစ်ဒဏ် စီရင်စေ နိုင်သည်။

သို့ရာတွင် ထိုကုမ္ပဏီသည် အများပိုင်ကုမ္ပဏီဖြစ်လျှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင် နေထိုင်သည့် ဒါရိုက်တာလူကြီးတဦးကိုသော်၎င်း၊ အနည်းပိုင်ကုမ္ပဏီဖြစ်လျှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင်နေထိုင် သည့်အစုပါဝင်သူတဦးကိုသော်၎င်း၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ

အလုပ်ရှင်အဖြစ် အမည်တင်သွင်း ပြီးဖြစ်ကြောင်းဖြင့် အင်စပက်တော်အား နို့တစ်စာပေးနိုင်သည်။ ထို့ပြင် ထိုဒါရိုက်တာလူကြီးသည်၊ သို့တည်းမဟုတ် အစုပါဝင်သူသည် ယင်းသို့နေထိုင်သမျှ ကာလပတ်လုံး၊ မိမိအား အမည်တင်သွင်းခြင်း ကိုပယ်ဖျက်သည့်နောက်ထပ် နို့တစ်စာကို အင်စပက်တော်က မရမီသော်၎င်း၊ မိမိသည် ဒါရိုက်တာလူကြီး အဖြစ်မှ၊ သို့တည်းမဟုတ် အစုပါဝင်သူ အဖြစ်မှ ရပ်စဲခြင်းမပြုမီသော်၎င်း၊ ဤအက်ဥပဒေများပါကိစ္စများ အလို့ငှါ အလုပ်ရှင် ဖြစ်သည်ဟူ၍မှတ်ယူရမည်။

**လွတ်ငြိမ်းခွင့်။**

၁၇။ ။ သဘောရိုးဖြင့်၊ ဤအက်ဥပဒေအရ သော်၎င်း၊ နည်းဥပဒေများအရသော်၎င်း ပြုသည့်၊ သို့တည်း မဟုတ် ပြုရန်ကြံရွယ်သည့်ကိစ္စအတွက် မည်သူကိုမှ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှု ခင်းဖြစ်စေ မစွဲရ။

**အချို့အခွင့်အရေးများနှင့် အထူးအခွင့်အရေးဆိုင်ရာခြွင်းချက်။**

၁၈။ ။ ဆိုင်၌ဖြစ်စေ၊ ကုန်သွယ် အလုပ်ဌာန၌ဖြစ်စေ၊ အများပျော်ရွှင်ရေးအလုပ်ဌာန၌ဖြစ်စေ၊ အလုပ်သမားများ၊ ဤအက်ဥပဒေအာဏာတည်သည့်နေ့၌၊ တည်ဆဲဖြစ်သော အခြားတရားဥပဒေ အရသော်၎င်း၊ ပဋိညာဉ်အရသော်၎င်း၊ ထိုနေ့တွင်တည်ဆဲဖြစ်သော ဓလေ့ထုံးစံအရသော်၎င်း၊ ခံစားခွင့် ရှိသော အခွင့်အရေးသည်၊ သို့တည်းမဟုတ် အထူးအခွင့်အရေးသည်၊ ဤအက်ဥပဒေဖြင့် ထိုသူအား အပ်နှင်းသော အခွင့်အရေးထက်၊ သို့တည်းမဟုတ် အထူးအခွင့်အရေးထက်သာလျှင်၊ ခံစားရင်းဖြစ်သော အခွင့်အရေးကို၊ သို့တည်းမဟုတ် အထူးအခွင့်အရေးကို ဤအက်ဥပဒေက မထိခိုက်စေရ။

**နည်းဥပဒေများပြုရန်အာဏာ။**

၁၉။ ။ (၁) နိုင်ငံတော် သမတသည်၊ ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊ နည်းဥပဒေများ[၁]ကို ကြိုတင် ထုတ်ပြန်ပြီးနောက်ပြုနိုင်သည်။

(၂) အထက်ပါအာဏာ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အထူးအားဖြင့် အဆိုပါနည်းဥပဒေ များသည် အောက်ပါကိစ္စများ အတွက်ပြဋ္ဌာန်းနိုင်သည်။

---

[၁] ဤအက်ဥပဒေအရ နည်းဥပဒေများကို မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၃ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၈၃၈ တွင် ထုတ်ပြန်ကျေညာသည်။

(က) ပုဒ်မ ၄၊ ပုဒ်မခွဲ (၃) အရ အမိန့်ကြော်ငြာစာဖြင့် ကျေညာရမည် ဖြစ်သော အလုပ်ပိတ်ရက်များနှင့် အခြားအခါသမယများ။

(ခ) ဆိုင်များ၊ ကုန်သွယ်အလုပ်ဌာနများနှင့် အများပျော်ရွှင်ရေး အလုပ်ဌာနများတွင်၊ အလုပ်သမားများ က အချိန်ပို၍ဖြစ်စေ၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (၂) တွင် ပြဋ္ဌာန်းထားသည့် အကန့်အသတ်ထက် ပို၍ဖြစ်စေ လုပ်နိုင်သော လုပ်ငန်းဆောင်တာများနှင့် အချိန်ကာလ အပိုင်းအခြားများ။

(ဂ) ပုဒ်မ ၁၀ ပါ ကိစ္စများအလို့ငှါ၊ သာမန်အခကြေးငွေနှုန်းများကို တွက်ချက်ရန် နည်းလမ်း။

(ဃ) ပုဒ်မ ၁၁ အရ၊ အလုပ်ရှင်က ထားရှိရမည့် မှတ်တမ်းများနှင့်မှတ်ပုံစာအုပ်များ၊ ထို့ပြင် မြင်သာ အောင်ပြထားရမည့်နို့တစ်စာများ။

(င) ပုဒ်မ ၁၂ အရ၊ အင်စပက်တော်များကို ခန့်ထားရန် နည်းလမ်းနှင့် ထိုပုဂ္ဂိုလ်များ၏ အရည် အချင်းများ။

(စ) ပုဒ်မ ၁၂ အရ ခန့်ထားသော အင်စပက်တော်များက၊ ပုဒ်မ ၁၃ အရ အပ်နှင်းသော အာဏာများကို သုံးစွဲရန်နည်းလမ်း။

****************************